**သဘာဝခြင်နိုင်ဆေးအလှဆီကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် သုတေသနပြုခြင်း**

ခင်သန်းနွဲ့
တောင်ကြီးမြို့

တိုင်းရင်းဆေးပညာဖြင့် ဆေးကုသရာတွင် အသုံးပြုသောဆေးများသည် စက်ကိရိယာ၊ ဓါတ်ခွဲခန်းများ၊ တိရိစ္ဆာန်၊ လူများကို အသုံးပြုစမ်းသပ်ခြင်း မပြုလုပ်ဘဲ ရှေးယခင်တိုင်းရင်းဆေးပညာရှင်များ၏ ပြောင်းလဲခြင်း၊ ပြုပြင်ခြင်းမရှိ၊ ခိုင်မာသောအဆိုအမိန့်များ၊ ကျမ်းစာများကို ကိုးကား၍ လက်ရှိ ဆရာသမားများ၏ လက်တွေ့ လမ်းညွှန်သင်ကြားမှုများကို အသုံးပြုကာ တိုင်းရင်းဆေးပညာဖြင့် လူနာများအားကုသခဲ့ရာအံ့သြဖယ်ကောင်းသော ဆေးနည်းများ၊ ဆေးပညာရပ်များ၊ ကုသချက်များကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ ၎င်းရှာဖွေတွေ့ရှိချက်များကို စုဆောင်းမှတ်တမ်း ပြုခြင်းသည် တိုင်းရင်းဆေးပညာကို တိုင်းရင်းဆေးနည်းဖြင့် သုတေသနပြုခြင်းပင်ဖြစ်သည်။ ထိုသို့သုတေသနပြု စမ်းသပ်ရာတွင် သူတစ်ပါးကို စတေး၍ စမ်းသပ်ခြင်းထက် မိမိကိုယ်မိမိဖြင့် စတင်စမ်းသပ်ခြင်းသည် တိုင်းရင်းဆေးပညာ၏ ထူးခြားချက်ပင်ဖြစ်ပါသည်။ ၎င်းသုတေသနပြုစမ်းသပ်ချက်များမှ ခြင်မှဖြစ်ပွားနိုင်သော ရောဂါများကို ကာကွယ်နိုင်ပြီး လူကိုအန္တရာယ်ပြုခြင်းမရှိသော သဘာဝခြင်နိုင်ဆေးအလှဆီ စမ်းသပ်သုတေသနပြုခဲ့ခြင်းကို တင်ပြရင်းမြန်မာ့တိုင်းရင်းဆေးပညာကို မြန်မာ့တိုင်းရင်းဆေး နည်းပညာဖြင့် သုတေသနပြုလုပ်ငန်းများ ပေါ်ပေါက်လာစေရန်ရည်ရွယ်၍ ဤစာတမ်းကို တင်ပြအပ်ပါသည်။